ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်
Yangon Protestant Reformed Church
တနင်္ဂနွေစာစောင်

နေ့စွဲ - ၁၆. ၈. ၀၉

## သူငယ်ချင်းမိတ်ဆွေ၏အစ (The Beginning of Friendship)

"သင်တို့သည်သွား၍ လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျှက်၊ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်၏နာမ၌ ဗတ္တိဇံကိုပေးကြလော့။" မဿဲ ၂၈း၁၉
"အိဣသရေလအမျိုး နားထောင်လော့။ ငါတို့ဘုရားသခင်ထာဝရဘုရားသည် တဆူတည်းသော ဘုရား ဖြစ်တော်မူ၏။ သင်၏ဘုရားသခင်ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့၊ အစွမ်းသတ္တိရှိသမျှနှင့်ချစ် လော့။" တရား ၆း၄-၅
"ချစ်သူတို့၊ ငါတို့သည် အချင်းချင်း ချစ်ကြကုန်အံ့။ အကြောင်းမူကား ချစ်ခြင်းမေတ္တာသည် ဘုရားသခင် နှင့်စပ်ဆိုင်၏။ ချစ်တတ်သောသူမည်သည်ကား ဘုရားသခင်ဖြစ်ပွားစေတော်မူသောသူဖြစ်၏။ ဘုရားသ ခင်ကို သိသောသူလည်း ဖြစ်၏။ ချစ်ခြင်းမရှိသောသူသည် ဘုရားသခင်ကို မသိ။ အကြောင်းမူကား ဘု ရားသခင်သည် ချစ်ခြင်းမေတ္တာ ဖြစ်တော်မူ၏။" ၁ယော ၄း၇-၈

သူငယ်ချင်းဆိုသည်မှာ တဦး၏ဘဝကိုတဦးထံ ဝေငှခံစားခြင်းဖြစ်သည်။ ထိုသူငယ်ချင်းဖြစ်မှု၏ အစကို ဘုရားသခင်၏ဖြစ်တည်မှုအတွင်း၌ပင် တွေ့ရပါသည်။

### ၁။ သုံးပါးတဆူဖြစ်တော်မူခြင်း

ခရစ်ယာန်အသင်းတော်စတင်ချိန်ကတည်းကပင် သုံးပါးတဆူဖြစ်ခြင်းအမှန်တရားသည် စစ်မှန် သောခရစ်ယာန်အသင်းတော်၏ သရုပ်သကန်ပင်ဖြစ်တော့သည်။ ဘုရားသခင်သည် အနှစ်သာရအား ဖြင့် တဆူတည်းဖြစ်သော်လည်း၊ ပုဂ္ဂိုလ်အားဖြင့် သုံးပါးဖြစ်သည်။ ထိုသုံးပါးတို့သည် ခြားနားသောလက္ခ ဏာများကို အသီးသီးက ပိုင်ဆိုင်ကြသည်။ ခမည်းတော်က သားတော်ကို မွေးဖွားသည်(beget)။ သား တော်သည် ခမည်းတော်၏မွေးဖွားခြင်းကို ခံတော်မူသည်(begotten)။ သန့်ရှင်းသောဝိညာဉ်တော်သည် ခမည်းတော်နှင့်သားတော်ထံမှ ထွက်လာတော်မူသည်(proceed)။ ထိုအမှန်တရားကို လက်မခံသူတို့ရှိကြ ပါသည်။ လူသားဖြစ်သော ကျွန်တော်တို့အနေနှင့်ထိုသို့သောအတွေးကိုတွေးရန် မဖြစ်နိုင်ပါ။ သို့သော် ကျမ်းစာက ၎င်းကို ရှင်းလင်းစွာသင်ပေးပါသည်။ ထို့ကြောင့် သုံးပါတဆူဖြစ်ခြင်းသည် ခရစ်ယာန်ဘာ သာ၏ အခြေခံအကျဆုံးအမှန်တရားဖြစ်သည်။

ထိုသုံးပါးတဆူဖြစ်ခြင်းသာ တကယ်မရှိလျှင်၊ ဘုရားဆိုသည်မှာလည်း ရှိတော့မည်မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် အသက်ရှင်သူဖြစ်သည်။ အသက်ရှင်မှုရှိရန် ဆက်ဆံမှုသည် ရှိကို ရှိရပါသည်။ ခြားနားသောစရိုက်ကိုပိုင်ဆိုင်သူ တဦးထက်မကကြားထဲတွင်သာ မိတ်ဆွေဖွဲ့ဆက်ဆံ မှုသည် တကယ်ဖြစ်လာနိုင်ပါသည်။ ထိုဆက်ဆံမှုကို သုံးပါးတဆူတွင်းရှိပုဂ္ဂိုလ်သုံးဦးတို့ ပဋိညာဉ်သူငယ် ချင်း မိတ်ဆွေအဖြစ် ဆက်ဆံကြခြင်းတွင် တွေ့ရပါသည်။ ကျမ်းစာကပြောပြသော ဘုရားသခင်ထံတွင် ထိုမိတ်ဆွေဖြစ်ခြင်းပဋိညာဉ်ကို တွေ့ရပါသည်။

ခမည်းတော်ဘုရားက သားတော်ဘုရားကို မွေးဖွားတော်မူသည်၊ ဆိုလိုသည်မှာ ခမည်းတော် သည် မိမိ၏အသက်ကိုယူ၍ သားတော်ကိုပေးခြင်းဖြစ်သည်။ သားတော်က ခမည်းတော်ပေးသော အ သက်ကို လက်ခံရယူသည်။ ထို့နောက် ထိုအသက်ကို သားတော်သည် မိမိအတွက်မသုံးဘဲ ခမည်းတော် ထံသို့ ပြန်လည်သက်ရောက်စေပြန်သည်။ ထိုအဖြစ်တို့သည် ဝိညာဉ်တော်ထဲတွင် ဖြစ်နေခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သူသည် ခမည်းတော်နှင့်သားတော်တို့ထံမှထွက်လာသူ ဖြစ်သောကြောင့် ဖြစ် သည်။ ထိုသုံးပါးတဆူဖြစ်ခြင်းအတွင်းမှ ပုဂ္ဂိုလ်များ၏ဆက်ဆံမှုထဲတွင် ရှင်သန်ခြင်း၏ပြည့်စုံလှသော မိတ်သဟာယပြုမှုကို တွေ့ရခြင်းဖြစ်သည်။

ထိုရှင်သန်သော မိတ်သဟာယဖွဲ့ခြင်း၏ ပုဂ္ဂိုလ်သုံးပါးတို့ ညီညွတ်စွာ တိုင်ပင်ဆွေးနွေးခြင်းမှ အရာခပ်သိမ်းသည် ထွက်ပေါ်လာပါသည်၊ ပရောဖက်ဟေရှာယက ထိုအကြောင်းကို ဤသို့ပြောသည် "ရှေးကာလ၌ ဖြစ်ဘူးသည်အမှုအရာတို့ကို အောက်မေ့ကြလော့။ ငါသည် ဘုရားသခင်ဖြစ်၏။ ငါမှတပါး အခြားသောဘုရားမရှိ။ အဦးမှစ၍ အဆုံးတိုင်အောင်၄င်း၊ ရှေးကာလမှစ၍ မဖြစ်သေးသောအမှုတို့ကို၄င်း ဖေါ်ပြလျှက်၊ ငါ့အကြံတည်လိမ့်မည်။ ငါ့အလိုရှိသမျှကို ငါပြည့်စုံစေမည်ဟု ဆို၏" (ဟေရှာ ၄၆း ၉-၁၀)။ ကျွန်တော်တို့၏ဘုရားသခင်သည် ထိုသို့သောဘုရားဖြစ်ပါသည်။ သူမရှိလျှင် ကျွန်တော်တို့နှင့် ခပ်သိမ်းသောအရာတို့သည် ရှိကြမည်မဟုတ်ပါ။

## ၂။ ဘုရားသခင်၏ထူးခြားလှသောဂုဏ်လက္ခဏာများ

ထို့အပြင် ထိုသုံးပါးတဆူအတွင်းမှညီညွတ်ခြင်းသည် ဘုရားသခင်၏ဂုဏ်လက္ခဏာတို့၏ အရင်းအမြစ်လည်း ဖြစ်တော်မူပါသည်။

ပထမဆုံးဂုဏ်လက္ခသည် "အမှီကင်းမဲ့တော်မူခြင်း"(aseity)ဖြစ်သည်။ သူသည် မိမိကိုယ်ကိုမှလွဲ၍ မည်သူ့ကိုမျှ မှီခိုခြင်းမရှိပါ။ အမှီမလိုအပ်ပါ။ ပါရမီဖြည့်ပေးမည့်သူမလိုအပ်ပါ။ ထိုသုံးပါးတဆူကြားပဋိညာဉ်မိတ်သဟာယဖြင့် သူ၏အဖြစ်တော်ကို ဆုံးဖြတ်တော်မူပါသည်။ ထို့ကြောင့် မောရှေက ထွက်မြောက်ရာကျမ်း ၃း၁၄ တွင်ပြောသကဲ့သို့ တကယ့်ဘုရားဖြစ်တော်မူသည်။ "ငါဖြစ်သည်အတိုင်း ငါဖြစ်၏။"

ဘုရားသခင်တပါးတည်းသာ မပြောင်းမလဲတည်ရှိနိုင်ပါသည်။ အမြဲတမ်း ဒီအတိုင်းပင် ဖြစ်သည်။ မည်သူနှင့်ဆက်ဆံ၍မျှ သူ၏ပုံစံပြောင်းမသွားပါ၊ ဘာကမျှ သူကိုမပြောင်းလဲစေနိုင်ပါ။ မာလခိ ၃း၆ "ငါသည် ထာဝရဘုရားဖြစ်၏။ ပြောင်းလဲခြင်းမရှိ။"

ထိုအချက်သည် ဘုရားသခင်၏ထာဝရဖြစ်ခြင်း အချိန်နှင့်ပတ်သက်၍လည်း မှန်ပါသည် (ဟေရှာ ၅၇း၁၅)။ ရှင်ပေတရုကပြောပါသည် ၂ပေ ၃း၈၊ " ထာဝရဘုရားမှာ ကာလတရက်သည်၊အနှစ်တထောင်ကဲ့သို့၄င်း၊ အနှစ်တထောင်သည် တရက်ကဲ့သို့၄င်း ဖြစ်၏။" အချိန်ဆိုသည်မှာ ဘုရားသခင် ဖန်ဆင်းသော သတ္တဝါတမျိုး ဖြစ်သည်။ ထိုအချိန်ထဲတွင် နေရသူတို့သည် အမြဲပြောင်းနေပါသည်။ သို့သော် ဘုရားသခင်သည် အချိန်၏အပေါ်မှာရှိတော်မူသည်။ ဘယ်တော့မှမပြောင်းလဲပါ။

ထိုအချက်သည် နေရာနှင့်ပတ်သက်၍လည်း မှန်နေပါသည်။ ဘုရားသခင်သည် နေရာတိုင်းတွင် ရှိတော်မူသည်။ နေရာတိုင်းတွင် သူ၏ရှိတော်မူခြင်းအပြည့်အဝနှင့်ရှိခြင်းဖြစ်သည်။ ရှင်ပေါလုက အေသင်မြို့သားတို့ကို ပြောပါသည်၊ တမန် ၁၇း၂၈ "ငါတို့သည် ဘုရားသခင်အားဖြင့် အသက်ရှင်လျှက်၊ လှုပ်ရှားလျှက်၊ ဖြစ်လျှက် ရှိကြ၏။" (For in him we live, and move, and have our being.)

ရလဒ်မှာ ဘုရားသခင်၏ တလုံးတဝတည်း ဖြစ်တော်မူခြင်း ဖြစ်သည်။ တရား ၆း၄ "အိုဣသရေလအမျိုး၊ နားထောင်လော့၊ ငါတို့ ဘုရားသခင် ထာဝရဘုရားသည် တဆူတည်းသော ထာဝရဘုရားဖြစ်တော်မူသည်။" သုံးပါးတဆူဖြစ်သောဘုရားသခင်သည် အမြဲတမ်း သေဘာတူညီကြသည်။ ဘုရားသခင်သည် ဘယ်တော့မှ သူ့ကိုသူဆန့်ကျင်ဖက်မလုပ်ပါ။ ၂တိ ၂း၁၃ ကပြောသည် "ထိုသခင်သည် သစ္စာတည်သဖြင့် မိမိကိုယ်ကို ငြင်းပယ်တော်မမူ။" ထိုအချက်က ဘုရားသခင်ကို အခြားဖန်ဆင်းခံ သတ္တဝါအားလုံး၏အထက်သို့ ရောက်စေပါသည်။ သူသာမပါလျှင် အားလုံးသည် တဦးကိုတဦး ဆန့် ကျင်တိုက်ခိုက်ခြင်းသာ ကျန်ရှိတော့သည်။ ဟေရှာ ၅၅း၈ "ထာဝရဘုရားမိန့်တော်မူသည်ကား၊ ငါ၏အကြံအစည်သည် သင်တို့အကြံအစည်နှင့်မတူ၊ ငါ၏အကျင့်သည်လည်း သင်တို့၏အကျင့်နှင့်မတူ။"

## ၃။ ဘုရားသခင် မိမိ၏ဂုဏ်လက္ခဏာများကို ဝေမျှခြင်း

ဘုရားသခင်သည် ထိုသို့ သူတပါးတည်းကသာပိုင်တော်မူသော ဂုဏ်လက္ခများထဲမှ အချို့တို့ကို လူသားထံသို့ဝေမျှပေးပါသည်။ အမှန်ပြောရလျှင် ထိုရည်ရွယ်ချက်အတွက် လူကိုဖန်ဆင်းခြင်းဖြစ်သည်။ ကမ္ဘာ ၁း၂၇ "ထိုသို့ ဘုရားသခင်သည် မိမိပုံသဏ္ဍာန်နှင့်အညီ လူကို ဖန်ဆင်းတော်မူ၏။ ဘုရားသခင်၏ ပုံသဏ္ဍာန်တော်နှင့်အညီ လူယောကျ်ား၊ လူမိန်းမကို ဖန်ဆင်းတော်မူ၏။" ထိုလူသား၏ဂုဏ်လက္ခဏာများတွင် မိတ်ဆွေဖြစ်ခြင်းတည်ရှိလေသည်။

ထိုဂုဏ်လက္ခဏာများတွင် အခြေခံအကျဆုံးသည် ချစ်ခြင်းမေတ္တာဖြစ်သည် ရှင်ပေါလုက “ချစ်ခြင်းမေတ္တာသည် အမြတ်ဆုံးဖြစ်သည်”ဟုပြောပါသည် (၁ကော ၁၃း၁၃)။ ချစ်ခြင်းသည် ပေးကမ်းခြင်းဖြစ်သည်။ သုံးပါးတဆူထဲတွင် အချင်းချင်းတို့ထံ ချစ်ခြင်းကိုပေးသကဲ့သို့ဖြစ်သည်။ ယော ၃း၁၆ တွင် “ဘုရားသခင်သည် လောကကိုချစ်သဖြင့် သူ၏တပါးတည်းမွေးဖွားသော သားတော်ကို ပေးတော်မူသည်”ဟု ဖတ်ရပါသည်။ ကျွန်တော်တို့၏တာဝန်မှာ ထိုချစ်ခြင်းကိုတုန့်ပြန်၍ ဘုရားသခင်ထံ ပြန်ပေးရန် ဖြစ်ပါသည်။ ၁ယော ၄း၈ “ ချစ်ခြင်းမရှိသောသူသည် ဘုရားသခင်ကို မသိ။ အကြောင်းမူကား ဘုရားသခင်သည် ချစ်ခြင်းမေတ္တာ ဖြစ်တော်မူ၏။”

ထိုသို့ အပြန်အလှန်ချစ်ခြင်းမှနေ၍ အမှန်တရားထွက်လာပါသည်။ ကျမ်းစာတလျှောက်လုံးတွင် ဘုရားသခင်ကို “အမှန်တရား၏ဘုရားသခင်”ဟုခေါ်ပါသည် (တရား ၃၄း၆)။ မောရှေကလည်း “ထာဝရဘုရား၊ ထာဝရဘုရား . . . . . သစ္စာစောင့်ခြင်း(အမှန်တရား၌) ကြွယ်ဝတော်မူထသောဘုရားဟု ပြောပါသည် (ထွက် ၃၄း၆)။ အမှန်တရားသည် ဘုရားသခင်ထံမှ စတင်ပါသည်။ သူခွဲခန့်မှတ်ထားသမျှဖြစ်လာကြပါသည်။ ထိုနေရာ၌သာ အမှန်တရားကိုတွေ့နိုင်သည်။

အမှန်တရား၏ရလဒ်သည် သန့်ရှင်းခြင်းဖြစ်သည်။ ကောင်းကင်တမန်သရပ်(ဆီရာဖိန်း Seraphims) တို့က “သန့်ရှင်းတော်မူ၏၊ သန့်ရှင်းတော်မူ၏၊ သန့်ရှင်းတော်မူ၏၊ မြေကြီးလုံးသည် ဘုန်းတော်နှင့်ပြည့်လေ၏”ဟု သံပြိုင်သီဆိုကြပါသည် (ဟေရှာ ၆း၃)။ သန့်ရှင်းတော်မူခြင်းဆိုသည်မှာ ဘုရားသခင်၏ဘုန်းတော် မိမိ၏ဖြစ်တည်ခြင်းအတွင်းမှ တောက်ပစွာထွက်ပေါ်လာခြင်းဖြစ်သည်။ ထိုဘုန်းတော်သည် သူ၏လူများထံ ရောင်ပြန်ထင်ဟပ်နေပါသည်။ “ငါသည် သင်တို့၏ သန့်ရှင်းသောထာဝရဘုရား၊ဣသရေလအမျိုးကို ဖန်ဆင်းဘုရား၊ သင်တို့၏ရှင်ဘုရင်ဖြစ်၏။ ထိုလူမျိုးသည် ငါ၏ဂုဏ်ကျေးဇူးကို ပြရလိမ့်မည်။” (ဟေရှာ ၄၃း၁၅၊ ၂၁)

## ၄။ ဘုရားသခင်နှင့်မိတ်ဆွေဖြစ်ခြင်း

ထိုအပြန်အလှန်ချစ်ခြင်း၊ သူငယ်ချင်းမိတ်ဆွေဖြစ်ခြင်းတို့သည် ဘုရားသခင်၏ကောင်းမြတ်ခြင်းဂုဏ်လက္ခဏာများမှနေ၍ သူ့အလိုလို ပေါ်ထွက်နေကြပါသည်၊ အရှိတရားအလုံးစုံတို့၏ အရင်းအမြစ်လည်းဖြစ်တော်မူ၏။ ထိုဂုဏ်လက္ခဏာများတွင် အချို့တို့ကို ဘုရားသခင်တပါးတည်းကသာ ပိုင်တော်မူ၍ အချို့တို့ကို လူသားထံသို့လဲ ဝေမျှတော်မူပါသည်။

ကျမ်းစာ၏အဖွင့်ကျမ်းပိုဒ်တွင် အလွန်လှပသောအရာတို့ကိုဖတ်ရပါသည်။ ကမ္ဘာ ၁း၂၆ “တဖန်ဘုရားသခင်က ငါတို့ပုံသဏ္ဌာန်နှင့်တညီ တသဏ္ဌာန်တည်း လူကိုဖန်ဆင်းကြစို့။” ဤနေရာ၏ လှပခြင်းသည် သုံးပါးတဆူဘုရားသခင်က သူ့အထဲမှပုဂ္ဂိုလ်အချင်းချင်း စိတ်သဘောတူညီစွာ ပြောဆိုကြခြင်းကို ပြောနေခြင်းဖြစ်သည်။ ဘုရားသခင်သည် သုံးတဆူမဟုတ်ဘဲ၊ တပါးတည်းသာဖြစ်ပါက၊ “ငါ့ပုံသဏ္ဌာန်နှင့်အညီ လူကို ငါဖန်ဆင်းမည်”ဟုသာပြောပါမည်။ အထီးကျန်လှသော သတ္တဝါတပါးက သူ့အတွက် တခုခုကိုလုပ်မည်ဟု ပြောနေပုံဖြစ်ပါမည်။ ထိုသို့သော ဘုရားသည် တကိုယ်ကောင်းဆန်သူ၊ ကိုယ့်အတွက်သာကြည့်သူ၊ သူ၏လိုအပ်ချက်ကိုသာဖြည့်သူ ဖြစ်လာပါမည်။ အခုတော့ထိုသို့မဟုတ်ပါ။ မိမိ၏ပြည့်စုံကြွယ်ဝလှသော မိတ်ဆွေဖြစ်ခြင်းကို မိမိ၏သန့်ရှင်းတော်မူခြင်းအတွက် ထွက်ပေါ်လာစေရန် ဆန္ဒရှိသူ၏ စကားဖြစ်သည်။ ဘုရားသခင်၏အသက်တာတွင် ထိုသန့်ရှင်းခြင်း၏ဘုန်းတော်သည် ပြည့်ဝလျှက်ရှိပါသည်။

ထို့ကြောင့် သုံးပါးတဆူအမှန်တရားသည် စစ်မှန်သောခရစ်ယာန်ဘာသာအတွက် အခြေခံအကျဆုံးအမှန်တရားဖြစ်ရခြင်းဖြစ်ပါသည်။ သုံးပါးတဆူဘုရားသခင်သာမရှိလျှင်၊ ဖြစ်တည်မှု၏အရင်းအမြစ်ဖြစ်သော တဦးနှင့်တဦး အပြန်အလှန်ဆက်ဆံကြခြင်းသည် ရှိလာနိုင်မည်မဟုတ်ပါ။ သူငယ်ချင်း မိတ်ဆွေဖြစ်မှုလည်း တွေ့နိုင်မည်မဟုတ်ပါ။ ထာဝရချစ်ခြင်းဆိုသည်လည်း ရှိနိုင်မည်မဟုတ်ပါ။ တဦးတည်း အထီးကျန်လှသော၊ တကိုယ်ကောင်းဆန်သော၊ မိမိလိုအင်ဆန္ဒကိုသာဖြည့်ဆည်းသော သတ္တဝါတပါးမျှသာဖြစ်ပါတော့မည်။ ထိုသူသည် ဘုရားသခင်မဟုတ်နိုင်ပါ။

အံ့သြစရာမှ၊ ထိုသို့ မိမိ၏ဖြစ်တည်မှုအတွင်း အပြန်အလှန်ချစ်ခြင်း၌ ပြည့်စုံကြွယ်ဝစွာ အသက်ရှင်နေသောဘုရားသခင်သည်၊ မိမိ၏ကြီးမြတ်ခြင်းအသက်တာကို သူဖန်ဆင်းသော လူသတ္တဝါထံသို့ ဝေ

ငှလိုသော ဆန္ဒ ရှိတော်မူခြင်း ဖြစ်သည်။ ထိုလူသားထံသို့ သုံးပါးတဆူကြားရှိသည့် မိတ်ဆွေဖြစ်ခြင်း မိတ်သဟာယ၏ကောင်းမြတ်လှခြင်းအဖြစ်ကို ဝေမျှခြင်းဖြစ်သည်။ "ငါတို့ရှိသမျှသည် မျက်နှာဖုံးကို ဖွင့်လျှက် မှန်ကိုကြည့်သကဲ့သို့၊ သခင်ဘုရား၏ဘုန်းအသရေတော်ကို ကြည့်မြင်၍၊ ဝိညာဉ် တော်တရား၏ အရှင်သည် ရောင်ခြည်တော်ကို လွှတ်တော်မူသည်အတိုင်း၊ ငါတို့သည် ဘုန်းအသရေတိုး ပွား၍ ပုံသဏ္ဍာန်တော်နှင့်အညီ ပြောင်းလဲခြင်းရှိကြ၏" (၂ကော ၃း၁၈)။ မည်မျှကြီးမြတ်သော သူငယ်ချင်းမိတ်ဆွေ ဖွဲ့ခြင်း ဖြစ်ပါသနည်း၊ ထိုထက်ကြီးမားသောချစ်ခြင်းသည် ရှိတော့မည်မဟုတ်ပါ။

The Beginning of Friendship by Rev. B. Woudenberg ကိုဘာသာပြန်သည်။

×××××××××××××××××××××××××××××

## အသင်းတော်တွင်းရှိနေကြသောကြောင်သူတော်များ

မေးခွန်း - စာတန်ကိုနှင်ထုတ်သူများ မည်သည့်အတွက်ကယ်တင်ခြင်းမရနိုင်သနည်း (မဿဲ ၇း၂၂-၂၃)။ ထိုသို့ပြုခြင်း၌ အပြစ်ကို မည်သည့်နေရာတွင်တွေ့ရပါသနည်း။

မဿဲ ၇း၂၁-၂၃ "သခင်သခင်ဟု ငါ့ကိုလျှောက်သောသူတိုင်း ကောင်းကင်နိုင်ငံတော်သို့ ဝင်ရလမ့်မည်မဟုတ်။ ကောင်းကင်ဘုံ၌ရှိတော်မူသော ငါ့ခမည်းတော်၏အလိုကို ဆောင်သောသူသာလျှင် ဝင်ရလိမ့်မည်။ ထိုနေ့၌ကား၊ သခင်၊ သခင် အကျွန်ုပ်တို့သည် ကိုယ်တော်အခွင့်နှင့် ဆုံးမဩဝါဒပေးပါပြီ မဟုတ်လော၊ ကိုယ်တော်အခွင့်နှင့် နတ်ဆိုးတို့ကို နှင်ထုတ်ပါပြီမဟုတ်လော၊ ကိုယ်တော် အခွင့်နှင့် များစွာသောတန်ခိုးတို့ကို ပြပါပြီမဟုတ်လောဟု အများသောသူတို့သည် လျှောက်ကြလိမ့်မည်။ ထိုသို့လျှောက်သောအခါ၊ သင်တို့ကို ငါအလျှင်းမသိ၊ အဓမ္မအမှုကိုပြုသောသူတို့ ငါ့ထံမှဖယ်ကြလော့ဟု ထိုသူတို့အား အတည့်အလင်း ငါပြောမည်။"

မေးခွန်းမေးသူက ငယ် ၂၂၊ ၂၃ ကိုသာဖော်ပြသော်လဲ ကျွန်တော်၊ ၂၁ မှစ၍ကိုးကားပါသည်။ ထို(၂၁)သည် ၂၂နှင့်၂၃ကိုနားလည်ရန် အရေးကြီးသည်။

ဆက်နွှယ်နေသောကျမ်းပိုဒ်များကိုကြည့်လျှင်၊ ဤသခင်ယေရှု၏စကားများကို ငယ်(၁၅ -၂၀) ထိတွင်တွေ့ရသည်။ ထိုနေရာတွင် သခင်ယေရှုသည် အပြင်ပမ်းကြည့်လျှင် ကောင်းသည်ဟုထင်ရသော၊ ဘာသာရေးကိုင်းရှိုင်းသည်ဟုထင်ရသော ပရောဖက်အတုများအကြောင်း သတိပေးထားသည်။ ထို "သိုးရေခြုံမြေခွေး"များ သခင်ခရစ်တော်၏ သိုးစုထဲသို့ ဝင်ရခြင်း၏ရည်ရွယ်ချက်သည်၊ သိုးစုကိုအမြတ်ထုတ်ချင်၍ဖြစ်သည်။ အထူးသဖြင့် ငွေရေးကြေးရေးတွင်အမြတ်ထုတ်လျှက် ဇိမ်ကျကျနေနိုင်ရန် ဝင်ရောက်ကြခြင်းဖြစ်သည်။ ယနေ့ကမ္ဘာကြီးတွင် ထိုသို့သော တရားဟောဆရာများ၊ ဧဝံဂေလိဆရာများ များလွန်းလှပါသည်။ ထိုဆရာတုများသည် မိမိတို့၏မှားယွင်းသောဩဝါဒများကို အသံလွှင့်ဌာနများနှင့် တီဗီများမှ နေ၍ ဖြန့်ချီနေကြပါသည်။ ထို့အပြင် ကြီးကြယ်ခန်းနားသောခန်းမကြီးများတွင် စီပွားရေးသမားများကပင် မနာလိုရလောက်အောင် ခန်းနားစွာပြင်ဆင်၍ ဘာသာရေးအရေကိုခြုံ၍၊ ဟိတ်ဟန်ထုတ်နေကြပါသည်။ ကမ္ဘာပေါ်မှယနေ့ခေတ် ခရစ်ယာန်ဘာသာရေးသည် အလွန်ဝမ်းနည်းစရာ ကောင်းနေပြီ ဖြစ်သည်။ ထိုသို့သော ဆရာတုဆရာယောင်များက ထောင်သောင်းချီသောသူများကို နည်းမျိုးစုံဖြင့် လိမ်ညာလျှက် သူတို့၏စီးပွားရေးအရင်းအမြစ်များကို အလွယ်တကူပင် ထုတ်ပေးချင်လာအောင် စည်းရုံးနိုင်ကြသည်ကို တွေ့ရသည်မှာ ဝမ်းနည်းစရာပင်။

မည်သို့ဖြစ်စေ၊ မေးခွန်းမေးသူက မေးနေသောအရာသည် နှစ်ခုဖြစ်ပုံရပါသည်။ ပထမ မေးခွန်းမှာ ယနေ့နတ်ဆိုးဝင်ပူခံရသည်ဟုပြောနေကြသောအရာသည် သခင်ခရစ်တော် ဤကမ္ဘာပေါ်သို့ လူဇာတိဖြင့် ကြွလာချိန်က၊ ပါလက်စတိုင်းဒေသတွင် တွေ့ရသော နတ်ဆိုးဝင်ပူးခြင်းနှင့် တူပါသလား ဆိုသည့်အချက်ဖြစ်သည်။ သခင်ခရစ်တော်လာစဉ်က သူလာမည်ကို အသေအချာသိသောနတ်ဆိုးသည်၊ သခင်

ခရစ်တော်၏ ကျွန်တော်တို့ကယ်တင်ခြင်းရရန် ဆောင်ရွက်မည့်အမှုတော်ကို တားနိုင်သမျှတားမည် ကြံရွယ်လျှက် ပါလက်စတိုင်းဒေသတခုလုံးကို နတ်ဆိုးစွဲခြင်းများဖြင့် ပြည့်နေစေသည်။ စွမ်းအားရှိသလောက် မိမိတန်ခိုးများကို ပြနေခဲ့ပါသည်။

သို့သော် ထိုအချိန်နှင့် ကျွန်တော်တို့အချိန်သည် အလွန်ခြားနားခဲ့ပြီဖြစ်သည်။ ဒီနေ့ခေတ် နတ်ဆိုးဝင်ပူးခြင်းသည် တချိန်က ပါလက်စတိုင်းတွင် ဖြစ်ခဲ့သည်နှင့် တူညီပါသလားဆိုသည် မေးခွန်းသည် အတော်အငြင်းပွားစရာကောင်းပါသည်။ ကျွန်တော်တခါက စိတ်ရောဂါဝေဒနာရှင်ရာနှင့်ချီ၍ ကုသပေးသူ စိတ်ပညာရှင်ဆရာဝန်တယောက်နှင့် စကားပြောခဲ့ပါသည်။ ဆရာ စိတ်ဝေဒနာသည်များကိုသချိန်မှာ နတ်ဆိုးဝင်ပူးတဲ့လူနာမျိုးမြင်ဖူးပါသလားဟု မေးခဲ့ပါသည်။ အနည်းငယ်တွေးပြီးနောက် ပြန်ဖြေပါသည်၊ "အဲလိုလူမျိုး နှစ်ခါလောက်တော့တွေ့ဘူးပါတယ်၊ ဒါပေမဲ့ တကယ်ဘဲအပူးခံရသလား ဆိုတာကတော့၊ သိပ်မသေချာဘူး။"

"အငြင်းပွားစရာမေးခွန်း"ဟုကျွန်တော်သုံးပါသည်။ အဘယ်ကြောင့်ဆိုသော် ပါလက်စတိုင်းဒေသတွင်ဖြစ်ခဲ့သော နတ်ဆိုးဝင်ပူးခြင်းများသည် အများအားဖြင့် ကိုယ်ခန္ဓာတွင်ဖြစ်သည်။ ယနေ့ခေတ် နတ်ဆိုးဝင်ပူးခြင်းတို့သည် ထို့ထက်မကပို၍ဆိုးရွားပါသည်။ ပို၍ကြောက်စရာကောင်းပါသည်။ ကမ္ဘာပေါ်ရှိ ဆိုးညစ်များအားလုံးသည် စာတန်နတ်ဆိုးအောက်တွင် ရောက်နေကြပါသည်။ စာတန်က သူတို့ကို လုံးလုံးလျှားလျှား ထိန်းချုပ်ထားသဖြင့် အပြစ်သည် ဆက်လက်တိုးတက်နေပါသည်။ စာတန်ထံတွင် ထိုသို့ဖြစ်ရန်၊ သူ့ရည်ရွယ်ချက်ပြီးမြောက်ရန် ထိုလူဆိုးများကို ထိန်းချုပ်ရမည့်နည်းလမ်းရှိပါသည်။ ထို့ကြောင့် ဟစ်တလာနှင့် စတာလင်တို့လို လူများ၊ ရက်စက်ယုတ်ကမ်းသော မာဖီးယားဂိုဏ်းများ၊ ထိုဂိုဏ်းများ၏သတ်ဖြတ်ပွဲများ၊ လိင်တူဆက်ဆံခြင်းများ၊ ကလေးဖျက်ချခြင်းများ ပေါ်ထွက်နေလျှက်ရှိသည်။ ထိုနေရာများ၌သာမကပါ၊ တက္ကသိုလ်ကြီးများတွင် ဆင့်ကဲဖြစ်ပေါ်မှုသီအိုရီ(လူသည် မျောက်ကဆင်းသက်သည်ဟု သင်ပေးခြင်း)၊ တရာပလ္လင်များပေါ်ရှိ ဘုရားမဲ့ဝါဒီများ၏ဟောကြားခြင်းများ၊ သုံးကြိမ်လက်ထပ်ပြီး သုံးကြိမ်လုံးကွာရှင်းပြီးသော ခြေသလုံးအိမ်တိုင်များ၊ ပြည့်တန်ဆာများကိုထားသော နေရာများ ထိုနေရာများတွင်လည်း နတ်ဆိုး၏အပြင်းထန်ဆုံးရွားစွာ ဝင်ပူးခြင်းများကိုတွေ့ရပါသည်။ ထိုအရာများသည် ပါလက်စတိုင်း ဒေသတွင် သခင်ယေရှုရှိနေစဉ် တွေ့ကြုံရသည်များထက် ပို၍ဆိုးရွားလှပါသည်။ ထိုအရာများကို သခင်ယေရှုကိုယ်တိုင်က အစိုးရတော်မူစွာထိန်းချုပ်လျှက် ပေါ်ထွက်စေခြင်းဖြစ်သည်။ ထိုသို့ဖြင့် သူ၏နိုင်ငံတော်ကိုတည်ထောင်ရန် သူကိုယ်တိုင်ကအောင်မြင်သော နတ်ဆိုးဝင်ပူးခြင်း၏ ကြောက်စရာ လန့်စရာ အဖြစ်မှန်ကို ရှင်းလင်းစွာပြောပြရန်ဖြစ်ပါသည်။ (မဿဲ ၁၂း၈)

အတိုချုံး၍ပြောရလျှင် နတ်ဆိုးနှင့်ထုတ်ခြင်းများသည် လိမ်ညာခြင်းများသာဖြစ်သည်။ ယနေ့ခေတ်တွင် ထိုနတ်ဆိုးဝင်ပူးခံနေရသူများကို မည်ကဲ့သို့ကယ်တင်ရမည်နည်း။ ဧဝံဂေလိသတင်းကောင်း ဟောကြားခြင်းဖြင့်ဖြစ်သည်။ သခင်ခရစ်တော်ကိုယုံကြည်ပါဆိုသည်သတင်းစကားကို သန့်ရှင်းသော ဝိညာဉ်တော်က ရွေးကောက်ခြင်းခံရသူနှလုံးသားများသို့ ထိတွေ့စေသောအခါ လွတ်မြောက်ကြပါသည်။ အလွန်အရေးကြီးသောအလုပ်ဖြစ်ပါသည်။

မေးခွန်းမေးသူက ထိုလူညာများအကြောင်းကိုသာ ကန့်သတ်မေးနေသော်လည်း သခင်ဘုရားက ထို့ထက်မကပြောပါသည်။ သခင်သခင်ဟု သူ့ကိုခေါ်၍ သူ၏ဘုန်းတော်ထင်ရှားအောင်လုပ်လေဟန်နှင့် ပရောဖက်ပြုသူများ၊ အံ့ဩစရာအလုပ်များကိုလုပ်သူများ အားလုံးကိုသခင်ယေရှုကပြောနေပါသည်။ သူပြောချင်သည်မှာ အသင်းတော်ထဲတွင် မိမိတို့ကိုယ်ကို ဘာသာရေးကိုင်းရှုိင်းသူများ၊ ဘုရားကိုဝတ်ပြုသူများ၊ သခင်ဘုရားအမှုတော်ကိုဆောင်ရွက်သူများဟု ကြေညာနေသော်လည်း တကယ်တမ်းတွင် အတုအယောင် ဟန်ဆောင်သူများ ရှိနေပါသည်ဟု ပြောလိုခြင်းဖြစ်သည်။ ထိုဟန်ဆောင်သူများသည် နေရာတိုင်းတွင်ရှိပါသည်။ ရိုးသားသူများ၏စိတ်များကို သူတို့၏မှားယွင်းသောအိုင်ဒီယာများနှင့်ပြည့်စေ၍ ဘာသာရေးလုပ်တယ်ဆိုဒါတွေဘဲဟု လိမ်နေကြခြင်းဖြစ်သည်။ သူတို့သည် အသင်းတော်အတွက်ရောဂါဆိုးနှင့်တူပါသည်။ လူများအကြားတွင် စစ်မှန်သောဘာသာရေးကို နာမည်ဖျက်ကြသူများဖြစ်သည်။

စစ်မှန်သောအသင်းတော်များထဲတွင်လဲ ဟန်ဆောင်သူများရှိကြပါသည်။ သူတို့သည် ဘုရားသခင်၏ သားသမီးတို့နှင့်တူကြပါသည်၊ တင်္နင်္ဂနွေနေ့တိုင်းဘုရားကျောင်းသို့လာပါသည်။ မတရားသော မေ

ထုန်ကိုမှိုဲဝဲသူများလည်း မဟုတ်ကြပါ။ သူများကိုလည်း မညာကြပါ။ နှုတ်မှလည်း ဘာသာရေးစကားများကို တွင်တွင်ပြောကြပါသည်။ သခင်သခင်ဟုလည်း ခေါ်ကြပါသည်။

ပဲန်တီကော်စတယ်အသင်းတော်တခုခုတွင် ပါကောင်းပါပါမည်။ ခရစ်ယာန်တီဗီလွှင့်ရုံတွင် ရှိကောင်းရှိပါမည်။ မစ်ရှင်ကော်မတီတွင်လည်း ပါကောင်းပါပါမည်။ ဝေစာများကိုလည်း ဝေကြပါမည်။သို့သော် သူတို့၏ဘာသာရေးကိုင်းရှုင်းမှုသည် အပြင်ပမ်းသာဖြစ်ပါသည်။ ငါတို့ ပရောဖက်ပြုကြသည်၊ နတ်ဆိုးများကိုနှင့်ထုတ်ကြသည်၊ သခင်ဘုရားအတွက် ကြီးကြယ်သောအလုပ်များကိုလုပ်ကြသည်ဟု ကြေညာနေကြသော်လည်း အပေါ်ယံသာဖြစ်ပါသည်။ ဘုရားသခင်က အသိအမှတ်မပြုပါ။

ဘုရားသခင်က အကြောင်းတခုကိုသာ စိတ်ဝင်စားပါသည်။ "ဦးမောင်မောင် ငါ၏အလိုတော်ကို လက်တွေ့လုပ်ပါသလား။" ထိုအကြောင်းသာ စိတ်ဝင်စားပါသည်။ ကောင်းကင်ဘုံ၌ရှိတော်မူသောခမည်းတော်ဘုရား၏အလိုတော်ကို လက်တွေ့လုပ်ဆောင်သူသာ နိုင်ငံတော်၏ နိုင်ငံသားအမှန်ဖြစ်ပါသည်။ အပေါ်ယံကျောဘာသာရေးသည် ဘာမှအသုံးမဝင်ပါ။ ကူညီခြင်းသည်လည်း မဟုတ်ပါ။ တီဗီပေါ်မှ စွဲဆောင်မှုကောင်းယုံက ဘာမှမဟုတ်ပါ။ ဘာသာရေးအကြောင်း စကားလုံးလှလှတန်ဆာဆင်လျှက် ပြောနေခြင်းက ဘာမှမဟုတ်ပါ။ ဘုရားသခင်သည် ထိုအရာများကို လုံးဝဂရုမစိုက်ပါ။

ထိုသို့ မိမိထံတွင် တန်ခိုးရှိသည်ဟု ပြောနေသော ဧဝံဂေလိဆရာသည်၊ မိမိဇိမ်ခံကား ဂျက်ဂွားကြီးကိုစီးလျှက်၊ အိပ်ခန်း(၁၆)ခန်းပါ မဟာစံအိမ်တော်ကြီးတွင် ဇိမ်ခံဖို့ ဆင်းရဲသားများဖြတ်ကျော်မောင်းနှင်သွားပါသည်။ သူ၏အသင်းတော် ရှေ့ဆုံးခုံတန်းတွင် ထိုင်နေတတ်သော ကိုင်းရှိုင်းသူကြီးသည်လည်း၊ (၁၈) ကျင်းပါ ဂေါ့ဖ်ကစားဖို့ ဝတ်ပြုသည်မှာ ကြာလှချည့်ရဲ့ဟု မစောင့်နိုင်အောင်ဖြစ်နေပါသည်။ ထိုမဟာအသင်းတော်ကြီး၏ အဆောက်အဦတာဝန်ခံ ကော်မတီ ချယ်ယာမင်လူကြီးသည်၊ ဇနီးသည်ကို ကွာရှင်းထားသည်မှာ သိပ်မကြာလှသေးပါ။ ထိုအသင်းတော်၏ ဆန်းဒေစကူးခေါင်းဆောင်သည်လည်း သူသင်သည်အတန်းများထဲရှိ အပျိုမကလေးများကို ပွတ်သီးပွတ်သပ်နှင့် မြူဆွယ်နေပါသည်။

ထို့အပြင် အသင်းတော်တို့တွင် တရားဟောခြင်းကို အသေအချာနားထောင်သလို နေတတ်သူများလဲ ရှိနေပါသည်။ ဘာကြောင့် လာသနည်းဆိုသော် မလာလျှင် အသင်းလူကြီး အိမ်လိုက်လာမည်ဆိုး၍သာဖြစ်သည်။ မဟုတ်လျှင် သူ့ရက်ကွက်နေသူများက သူသည် ဘာသာတရားရှိသေလှသူဟု အထင်ကြီးစေရန်ဖြစ်ပါသည်။ သို့မဟုတ် ဘာသာတရားကိုင်းရှိုင်းပုံနေပြ၍၊ မိမိဘော့စ်ထံမှ လခပိုများရလေမလားဟု ကြိုးစားနေသူများလဲ ရှိနေပါသည်။ သို့မဟုတ် အသင်းတော်အဆောက်အဦအတွက် ပိုက်ဆံအမြောက်အများလှူတတ်သူအသင်းသား သူဌေးထံမှ ထိုသို့သော ပရောများဖြင့် ငွေချေးရန် ကြိုးစားသူလည်း ရှိတတ်ပါသည်။ သို့သော် အလုပ်ထဲတွင်မူ ဘုရားသခင်၏နာမကို စော်ကားလျှက် ကလိန်ကျနေပြန်ပါသည်။

အသင်းတော်ထဲတွင် အလွန်ကောင်းသော တရားဟောချက်များကို နားထောင်၍ ပွစိပွစိနှင့် ဝေဖန်တတ်သူများလည်းရှိပါသေးသည်။ သင်းအုပ်ဆရာက ဘယ်လောက်ကောင်းသောသူများနည်းဟု ပြောလျှင် အဲဒါ ငါတို့ကိုပြောနေဒါကွဟု ရေရွတ်တတ်၍၊ အတော်ဆိုးသောသူများ၊ နောင်တရသင့်သူများဟု ဆရာက ပြောသည်နှင့်၊ ဟိုဖက်ခုံတမ်းပေါ်ထိုင်နေသူများကို လှမ်း၍(စိတ်ထဲမှ)လည်ညွှိုးထိုးကာ ဒါကတော့ ဟိုကောင်တွေကိုပြောတာဟု ဖာရိရှဲတယောက်နှင့် ချွတ်စွတ်တူသူများလဲ ရှိတတ်ပါသည် လုကာ ၁၈း၁၁။

ထိုသူတို့နှင့်ခြားနားစွာ၊ ကျေးဇူးတော်ကြောင့် ကောင်းကင်ဘုံ၌ရှိတော်မူသော ခမည်းတော်၏အလိုတော်ကို ကျင့်ကြံနေသူများလည်း အသင်းတော်ထဲတွင် ရှိပါသည်။ ထိုသူတို့သည် အံ့ဩခြင်းနှင့်အတူ ထာဝရအရှင်ဘုရားသခင်သည် သူတို့၏ကယ်တင်ရှင်ဟု ဝန်ခံကြပါသည်။ ထိုကယ် တင်ရှင်ကို ကျေးဇူးတင်စွာနှင့် နေ့တိုင်း တိတ်စိတ်စွာ ဆုတောင်းချီးမွမ်း ကိုးကွယ်တတ်ကြပါသည်။ ထို သူများမှ အချို့တို့သည်၊ မိမိတို့သားသမီးများ၏တာဝန်ကို ထိန်းသိမ်းတာဝန်ယူနေသော အိမ်မှာနေမိခင်တို့ ဖြစ်တတ်ပါသည်။ မိမိတို့သားသမီးများကို ဘုရားသခင့်ပဋိညာဉ်အကြောင်း၊ ပဋိညာဉ်ထဲ အသက်ရှင် နေထိုင်ပုံအကြောင်း ပြောပြဖို့ အင်မတန်စိတ်ထက်သန်ကြပါသည်။ ထိုသူအချို့တို့သည် မိမိတို့မိသားစုများကို ကျမ်းစာဖတ်ပြခြင်း၊ ဆုတောင်းခြင်းနှင့် ဦးဆောင်ကြသော ဖခင်များဖြစ်ကြပါသည်။ ထိုဖခင်များသည် မရှိဆင်းရဲသူများကို ကူညီရန်၊ အသင်းတော်သင်တန်းများကိုထောက်ပံ့နိုင်ရန်၊ ဧဝံဂေလိတရားဟောကြား

ခြင်းကို ထောက်ပံ့နိုင်ရန် ကြာညောင်းစွာ ဇွဲနှင့်အလုပ်ကြိုးစားကြသူများဖြစ်သည်။ ထိုသူတို့သည် အသင်းတော်တွင် ထိုင်လျှက် သင်းအုပ်ကိုဝေဖန်ပြစ်တင်ကြသူများမဟုတ်ပါ။ တရားဟောတာ ဘာမှန်းလဲမသိဘူးဟု၊ တရားဒေသနာ၊ အသင်းလူကြီး၊ အခြားအသင်းသားများကို ထိုင်၍ ပြစ်တင်နေသူများမဟုတ်ပါ။ သေချာစွာနားထောင်၍ နှိမ့်ချသောနောင်တတရားနှင့် မျက်ရည်တွေတွေ ကျတတ်သည်ကိုလည်း ထိုသူတို့ထံရတတ်ပါသည်။ အပြစ်များကို ဘုရားသခင်ထံဝန်ချတောင်းပန်ကြသည်၊ ဂရုဏာတော်ကို တောင်းခံတတ်ကြပါသည်။

ထိုသူတို့၏အသက်ရှင်ပုံများကို ကောင်းကင်မှတ်တမ်းတွင် မှတ်ထားပါသည်။ အဘယ်ကြောင့်ဆို သော် ထိုသို့သောလူကောင်းများကို ဘုရားသခင်ကလွဲ၍ ဘယ်သူကမှ အသိအမှတ်မပြုပါ။ ဘုရားသခင်က စောင်မတော်မူမည်အကြောင်း ထိုသို့သောသူတို့ အမြဲဆုတောင်းလေ့ရှိပါသည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် နှိမ့်ချသူများ၊ သခင်ခရစ်တော်ကို အားကိုးသူများကို ဘုရားသခင်က ကျေးဇူးဂရုဏာတော်ကို ပေးကြောင်း အသေအချာ သဘောပေါက်နားလည်၍ဖြစ်သည်။

နောက်ဆုံးသောတရားစီရင်သည့်နေ့တွင် “ကိုယ်တော် ဆာသောအခါ၊ ရေငတ်သောအခါ၊ ဧည့်သည်ဖြစ်သောအခါ၊ အဝတ်အချည်းစည်းရှိစဉ်အခါ၊ ဖျားနာသည့်အခါ၊ ထောင်ထဲရောက်နေစဉ်ခါ ကျွန်တော်တို့ ပြုစုကြပါသည်”ဟု ပြောသောသူများအထဲတွင် ထိုသူတို့ကို တွေ့ရမည်မဟုတ်ပါ။ သူတို့က “အာဖရိက ယူဂန်ဒါနိုင်ငံအတွက် ဒေါလာ၁၀၀၀ လှူပါသည်၊ ‘အာဖရိကကိုကူကြစို့’အဖွဲ့များ ဖွဲ့ကြ၍၊ ဖန်ငွေများရရန် ကြိုးစားခဲ့ကြပါသည်မဟုတ်လား၊ လူအများကြည့်နေသောတီဗီထဲတွင် နားပင်းနေသူကို လက်တင်ဆုတောင်း ပြန်ကြားစေပါသည်မဟုတ်လော”ဟု ပြောကြပါမည်။ သို့သော် သခင်ဘုရားက ပြန်ပြောပါမည်၊ “ကျိန်ခြင်းခံရသူတို့၊ ငါ့ထံမှဖယ်ကြ၊ နတ်ဆိုးနှင့်သူ၏တမန်များအတွက် အသင့်ပြင်ထားသော ထာဝရမီးအိုင်ထဲသို့ သွားကြလော့၊ ဤသူတို့အထဲမှ အငယ်ဆုံးသောသူထံ သင်တို့ မပြုခြင်းမှန်သမျှသည်၊ ငါ့အပေါ်လဲ မပြုခြင်းနှင့်တူသည်။”

ထိုနေရာ ပလ္လင်ဖြူကြီးရှေ့တရားစီရင်သောအရပ်တွင် အခြားသူများကလည်း “ဘယ်တုန်းက ကိုယ်တော် ဆာသည်ကိုတွေ့၍ ကျွေးမွေးခဲ့ကြပါသနည်း၊ ရေငတ်သောအခါ ရေပေးခဲ့ကြပါသနည်း၊ ဧည့်သည်ဖြစ်သောအခါ ဧည့်ဝတ်ပြုပါသနည်း၊ အဝတ်အချည်းစည်းရှိစဉ်အခါ အဝတ်နှင့်ဖုံးပေးကြပါသနည်း၊ ဖျားနာသည့်အခါ၊ ထောင်ထဲရောက်နေစဉ်ခါ ဘယ်တုန်းက ကျွန်တော်တို့ ပြုစုကြပါသနည်း”ဟု ပြောကြပါမည်။ ထိုသူတို့ကို သခင်ယေရှုက “ငါ့ခမည်းတော်ထံ ကောင်းချီးမင်္ဂလာကိုခံသောသူတို့ ကမ္ဘာဦးကပင် သင်တို့အဘို့ ပြင်ဆင်သောနိုင်ငံကို လာ၍အမွေခံကြလော့၊ သင်တို့သည် ဤသူတည်းဟူသော ငါ့ညီတို့တွင် အငယ်ဆုံးသောသူတယောက်အား ပြုကြသမျှတို့ကို ငါ့အားပြုကြပြီ။” (မဿဲ ၂၅း၃၁-၄၆)

(အိုင်ယာလန်တိုင်းပြည်ရှိ Covenant PRC မှအသင်းသားတယောက်၏မေးခွန်းကို၊ အမေရိကန်နိုင်ငံရှိ PRC မှ Prof. Hanko ၏ဖြေကြားချက်ကို ဘာသာပြန်သည်)